## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်အမှတ် (၄/ ၂၀၂၄)

၁။ ကလေးသူငယ်များသည် အနာဂတ်ကာလ နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူ၍ လက်ဆင့်ကမ်း ထမ်းဆောင်ကြမည့်သူများဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါ ကလေးသူငယ်များ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်ပါသည်။ ပညာသင်ကြားခွင့် ဆုံးရှုံးခြင်းသည် ကလေးသူငယ်ကိုယ်တိုင်နှင့် နိုင်ငံ့အနာဂတ်အတွက်ပါ ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ပညာသင်ကြားခွင့်သည် ကလေးသူငယ်များအတွက် မူလအခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၂၆) တွင် “လူတိုင်းတွင် ပညာသင်ယူခွင့် ရှိသည်” ဟု ဖော်ပြထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၆၆ (က) တွင်လည်း “နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများ နှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်” ဟု ပြဋ္ဌာန်းထားသည့် အားလျော်စွာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိနိုင်ရေးနှင့် လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အခြေခံပညာမှစ၍ စနစ်တကျ မြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၃။ ယခုအချိန်သည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလ ဖြစ်ရာ မသန်စွမ်းကလေးသူငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့် ကလေးများ အပါအဝင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ မိဘများ၊ တရားဝင်အုပ်ထိန်းသူများ၊ မိသားစုဝင်များနှင့် သက်ဆိုင်သူများအားလုံးက ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစား၍ အချိန်မီ ကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်